တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ (၁၅-၁၀-၂၀၂၆)

အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၁	**ဒေါက်တာနန္ဒာလှမြင့်၊ ကလော မဲဆန္ဒနယ်**က အောင်ပန်းဒေသ သစ္စာမြောင်မြနန္ဒာနှင့် အခြားရေဝေရေလဲဒေသများအား ကြီးကြပ်မည့် အစီအစဉ်နှင့် ၎င်းဒေသများ၌ မြေအသုံးချခွင့်ရနေမှုအား အမြန်ဆုံး စိစစ်ပြီးပြီးပြတ်ရေးဆောင်ရွက်ပေးမည့် ကာလသတ်မှတ်ချက် အစီအစဉ်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**က ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် တရားမဝင်မြေ အသုံးချမှုများ မဖြစ်ပေါ်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး ကြိုးဝိုင်းကျူးကျော်မှုများကိုလည်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၂	**ဦးတင့်ဝေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်**က တရားမဝင် ပြည်ပအလုပ်သမားများလျော့ချရန်နှင့် ပြည်ပအလုပ်သမားများ၏ လစာဝင်ငွေ နိုင်ငံသို့လွှဲပြောင်းရာတွင် အစိုးရဘဏ်မှတစ်ဆင့် လွှဲပြောင်းပေးပို့ရန် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း မေးမြန်းပါသည်။	**အလုပ်သမားဝန်ကြီးဌာန**က ပြည်ပရောက်အလုပ်သမားများ၏ လစာဝင်ငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိက AD လိုင်စင်ရ ဘဏ် (၁၆)ခုနှင့် ငွေလွှဲလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီ(၁၈) ခုတို့မှ တရားဝင်လွှဲပို့နိုင်ရေး ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားပါသည်။
၃	**ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း၊မူဆယ်မဲဆန္ဒနယ်**က မူဆယ်မြို့ပေါ်ရှိ နယ်စပ်ဂိတ်များ၌ ပစ္စည်းသယ်ယူမှုကို တန်ဖိုး၏ (၃%) အခွန်ကောက်ခံပေးရန်နှင့် လူတစ်ဦးလျှင် ပစ္စည်းတန်ဖိုး ကျပ်သိန်း (၅၀)သယ်ယူခွင့်ပြုရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**က Automatic Licensing စနစ်ဖြင့် ခွင့်ပြုသည့် ကုန်စည် ၇၂ လိုင်းမှအပ ကျန်ကုန်ပစ္စည်းများကို Non- Automatic Licensing ဖြင့် ခွင့်ပြုလျက်ရှိ၍ ပစ္စည်းတန်ဖိုး၏ ၃% အခွန်ကောက်ခံရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၄	**ဒေါက်တာဌေးဝင်း၊ အင်္ဂပူ မဲဆန္ဒနယ်**က အင်္ဂပူမြို့နယ်၊ မိုးကောင်းကွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RC တစ်ထပ်ဆောင် ချထားပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က (၉၀ x ၃၀)ပေ RC (၁)ထပ် တည်ဆောက်ခြင်း လုပ်ငန်းအား လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် ဦးစားပေး အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၅	**ဒေါ်ကြူကြူမော်၊ သာစည် မဲဆန္ဒနယ်**က သာစည်မြို့နယ်၊ ဘုရားငါးဆူ အ.ထ.က(ခွဲ)နှင့် မယ်ဇလီကန် အ.ထ.က ကျောင်းများအတွက် RCC (၂)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ဘုရားငါးဆူ အ.ထ.က(ခွဲ)အတွက် (၁၀၀ x ၃၀) ပေ RCC (၂) ထပ်နှင့် မယ်ဇလီကန် အ.ထ.က ကျောင်းအတွက် (၁၇၀ x ၃၀) ပေ RCC (၂)ထပ် ကျောင်းဆောင်တို့အား လာမည့်ဘဏ္ဍာနှစ်များတွင် ဦးစားပေးအလိုက် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၆	ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်က တင်သွင်းသည့် **“ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု/သိပ္ပံချွန်ဆု)ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေးအစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) အခန်း(၈)နိုင်ငံသား၊ ပုဒ်မ ၃၆၈နှင့်အညီ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆို	ယင်းအဆိုအား လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းဆောင်ရွက်ပြီး လွှတ်တော်က **မှတ်တမ်းတင် စောင့်ကြည့်မည်** ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်။